
ဝန်ဇင်း
Read on the move
ရှေ့မတိုးမှာ
စိုးပါသည်
ဦးတင်ဦး (ကျ။၈၄၆)
မျက်မှောက်နိုင်ငံရေးကို စိတ်ရင်းသန့်သန့်
အတွေးရှင်းရှင်းဖြင့် ဝေဖန်ပြထားသော

# အခန်း(၁)

## ဦးတင်ဦး (ကျူရှင်)

## ရှေ့မတိုးမှာ စိုးပါသည်

ယနေ့မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး ကို စောင့်ကြည့်အကဲခတ်နေသူများ တွင် အချို့ က နောက်ကြောင်းပြန်လှည့်သွားနိုင်မလားဟု စိုးရိမ်ကြသည်။ အချို့ ကလည်း သမ္မတဦးသိန်းစိန် အစိုးရသည် နောက်ကြောင်း ပြန်လှည့်ဖို့ကား မလွယ်တော့ဟု သုံးသပ်ကြသည်။

အဘယ်ကြောင့် ဆိုသော် သူ၏ ပြုပြင်ပြောင်းလဲရေး ကို နိုင်ငံတကာကပိုင်းဝန်း ကြိုဆို အသိအမှတ်ပြုထားကြပြီ ဖြစ်၍ နောက်ပြန်ဆုတ်ရန် မလွယ်လှတော့သော ကြောင့် ဖြစ်သည်ဟု အကြောင်းပြကြသည်။

သို့ ရာတွင် သမ္မတ ဦးသိန်းစိန်တက်လာစတည်းက ပြောကြားခဲ့သလိုပင် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး တွင် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး တွင် စိန်ခေါ်မှု တွေ ကတော့ အများ အပြားပင် ရှိနေသည်သာ ဖြစ်သည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီလူ့ဘောင် တည်ထောင်ရေး တွင် 'တောင်ကြီး ဆီး၊ မြစ်ကြီးကာ' ဆိုသကဲ့သို့ စိန်ခေါ်မှု အကြီးကြီးတွေ ရှိနေသည် ကတော့ အမှန်ပင်။ နောက်ကြောင်းပြန်မလှည့်တော့ဘူးဟု ဆိုသည့်တိုင် အောင် ရှေ့သို့ မတိုးနိုင်မှာ အတွက် စိုးရိမ်စရာတွေ က ရှိနေသည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီခရီးလမ်းတွင် (၂၀ဝ၈) ဖွဲ့စည်းပုံ အခြေခံဥပဒေက တောင်ကြီးတစ်ခုသဖွယ် ရှေ့က ဆီးထားသည်ကို တွေ့နိုင်သည်။ ကျွန်တော် ကတော့ နိုင်ငံရေး သမားလည်း မဟုတ်၊ နိုင်ငံရေး ပရောဟိတ်လည်းမဟုတ်သဖြင့် ရှေ့တွင် ဘာတွေ ဖြစ်လာနိုင်မည် ကို မခန့်မှန်းတတ်ပါ။

သို့ရာတွင် သမ္မတ ဦးသိန်းစိန်၊ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုလွှတ်တော် နှင့် တကွ မြန်မာပြည်သူတို့ ထိုဖွဲ့စည်းပုံ အခြေခံဥပဒေ တည်းဟူသော တောင်ကြီးကိုကျော်နိုင်မလားဟု သာမာန်ပြည်သူ တစ်ယောက် ၏ စိုးရိမ်မှု မျိုး ဖြင့် စိုးရိမ်မိတာ ကတော့ အမှန် ဖြစ်သည်။

ဒီမိုကရေစီ၏ အခြေခံ သဘောတရားမှာ ပြည်သူလူထုက မိမိတို့အတွက် စီမံဆောင်ရွက်ပေးမည့် အစိုးရကို မိမိတို့ကိုယ်တိုင် ရွေးချယ်တင်မြှောက်ပေးခြင်း ဖြစ်ကြောင်း လူတိုင်းသိကြပါသည်။ ပြည်သူလူထုကရွေးချယ် တင်မြှောက်လိုက်သည် မဟုတ်သော သူများ က ပြည့်သူ့ဆန္ဒ မပါဘဲ စစ်အာဏာရှင်အစိုးရက ကိုယ်ကြို က်သည့်လူများ နှင့် ကိုယ်ကြိုက်သလို ရေး ဆွဲထားသော ဥပဒေပါ အခွင့်အရေး အရ ပြည်သူတို့ကိုကိုယ်စားပြုရာ လွှတ်တော် ထဲမှာ ဝင်ထိုင်နေခွင့် ရနေသည် ဆိုကတည်းက ထို (၂၀၀၈) ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသည် ဒီမိုကရေစီ အခြေခံမှုများ ဖြင့် ဆန့်ကျင်နေပြီ ဖြစ်ကြောင်းကို သမ္မတလည်းဝန်ခံရလိမ့်မည် ။ ဘောင်းဘီဝတ်၊ ဘောင်းဘီချွတ် တပ်မတော် ခေါင်းဆောင်များ လည်း ဝန်ခံရပါလိမ့်မည် ။

ထိုဥပဒေကို ဒီမိုကရေစီ စံများ နှင့် အညီ မပြင်နိုင်ပါက မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး မှာ မည် သို့ မျှ အဓိပ္ပာယ်ရှိနိုင်လိမ့်မည် မဟုတ်ပါချေ။

ဒီမိုကရေစီကို တကယ်လိုချင်လျှင်(ဝါ) လူကြားကောင်းအောင် ပါးစပ်က လိုချင်တာမျိုး မဟုတ်လျှင် ဒီမိုကရေစီနိုင်ငံကို စီမံအုပ်ချုပ်သွားဖို့ အခြေခံမှုဘောင်တွေ ချပေးသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသည် အမှန်ပင်ဒီမိုကရေစီစံနှုန်းများ နှင့် ညီမှ ဖြစ်ပါလိမ့်မည် ။ လက်ရှိဖွဲ့စည်းပုံ အခြေခံ ဥပဒေကိုပင် အရေး သိပ်မပါလှသော အချက်များ ကိုမျှသာ ဟိုနား နည်းနည်း ၊ ဒီနားနည်းနည်း ပြင်ပြီး ဒီမိုကရေစီခရီးကို လျှောက်ကြမည် ဆိုလျှင် ထိုဖွဲ့စည်းပုံ အခြေခံဥပဒေတောင်ကြီးကို တက်ရင်း လျှာတစ်လစ်နှင့် ခရီးတစ်ဝက်မှာ အမောဆို့ကြဖို့သာ ရှိပါသည်။

ဒီမိုကရေစီကို စစ်တပ်က ကိုယ်ကြိုက်သည့်နေရာ ဝင်ထိုင်၍ ထုထောင်မည် ဆိုလျှင် 'လုံကိုင်ပြီးခွေးခေါ်သလို' ရှိပေလိမ့်မည် ။ ခွေးသည် လုံကို မြင်နေသည်နှင့် ပင်

ခေါ်သူအနားသို့ ကပ်လာလိမ့်မည် မဟုတ်ပေ။ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး ကို တုတ်ကိုင်ပြီး ကလေးများ ကို မုန့်ဝေသလို "ရော့..... တစ်ယောက် တစ်ဖွဲ့စီ ယူကြ၊ သွားသွား ..... ထပ်မတောင်းနဲ့၊ ငါ ပေးတာပဲ ယူ" ဆိုတာမျိုး လုပ်၍ မရနိုင်လောက်ပါ။

ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် အခြား ဥပဒေများ နှင့် မဆန့်ကျင်က လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်၊ လွတ်လပ်စွာ စုရုံးခွင့်၊ စီတန်းလှည့်လည်ခွင့်ပေးမည် ဟု အခြေခံ ဒီမိုကရေစီ အခွင့်အရေး တွေ ပေးထားပြီးတစ်ဖက်က 'အခြေခံ ဥပဒေများ ' တွင် 'မင်းဆန္ဒကိုငါ ခွင့်ပြုမှ ထုတ်ဖော်ခွင့်ပြုမယ်၊ အခု ပါးစပ်ပိတ်ထားဦး' ဟူသော သဘောမျိုး ရေး ထားပါက 'ပေးကားပေး၏ ၊ မရ' သော ဒီမိုကရေစီမျိုး သာ ဖြစ်ပေလိမ့်မည် ။ သမ္မတ ဦးသိန်းစိန်သာလျှင် ပုဒ်မ (၁၈) နှင့် နေ့တိုင်နီးပါး အဖမ်းခံ၊ ထောင်ကျကြရသော အကျဉ်းသားများ ကို ခဏခဏ လွှတ်ပေးနေခြင်းဖြင့် ဒီမိုကရေစီ အမှတ်တက်ဖို့ ရှိပါသည်။

ကျွန်တော် (ယူနီဖောင်းဝတ်ရော၊ ယူနီဖောင်းချွတ်ပါ) တပ်မတော် ခေါင်းဆောင်ကြီးများ အား 'တပ်မတော် ကို နိုင်ငံ၏ ကာကွယ်ရေး ကိစ္စများ အတွက်သာ ဆောင်ရွက်သော ပရော်ဖက်ရှင်နယ် တပ်မတော် မျိုး ဖြစ်စေမည် ၊ ဒီမိုကရေစီကို တကယ် ဖြစ်ထွန်းလာအောင် ဒီမိုကရေစီ လိုလားသူများ နှင့် စိတ်စေတနာသန့်သန့် လက်တွဲ ဆောင်ရွက်သွားမည် ' ဟူသော အတွေးအခေါ်မျိုး ကို ပြင်လိုက်ကြပါ ဟူ၍ အကြံပေးလိုပါသည်။ တပ်မတော် က နှစ် (၅၀) ကျော် နိုင်ငံရေး မှာ ဦးဆောင်၍ နိုင်ငံကို တည်ဆောက်လာခဲ့တာ ဘယ်မျှအောင်မြင်ခဲ့သလဲ ဆိုတာ ဆန္ဒစွဲ မပါဘဲ ပြန်သုံးသပ်ကြည့်ပါက မိမိတို့စေတနာ ကောင်းရုံမျှနှင့် လိုရာအကျိုး မပြီး၊ စနစ် ကောင်းပါမှ ပြီးနိုင်ကြောင်း တွေ့ရပါလိမ့်မည် ။

ကျွန်တော့် ထင်မြင်ချက်ကို အရိုးခံအတိုင်း ပြောရလျှင် တပ်မတော် ခေါင်းဆောင်များ သည် ယခင်အတွေးအခေါ်ဟောင်းကို မစွန့်ဘဲ တိုင်းပြည်အတွက် အကျိုး ရှိအောင် လုပ်နိုင်လောက်ဖွယ် မရှိပါ။ အဖွဲ့ဝင် (၁၀၉) ယောက် ရှိသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ လေ့လာ သုံးသပ်ရေး ပူးပေါင်းကော်မတီ အဖွဲ့ဝင်များ သည် ယခင်အတွေး အခေါ်ကိုပဲ ကိုင်စွဲထားပြီး ဒီမိုကရေစီနည်းကျ မဲခွဲဆုံးဖြတ်ကြပါက စိတ်သာချပါ၊ ကျွန်တော်

တို့ ပြည်သူများ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေတောင်ကြီးတက်ရင်း အမောဆို့သည်နှင့် ပင်ဒီမိုကရေစီနှင့် ဝေးရဖို့ရှိပါသည်။

ထိုတောင်ကြီးကို ကျော်သွားသည့်တိုင် မြန်မာ့ဒီမိုကရေစီခရီးတွင် ရေစီးသန်သော ပြည်တွင်းစစ်မြစ်ကြီးကလည်း ကန့်လန့်ဆီး၍ စီးနေပါသေးသည်။ ငြိမ်းချမ်းရေး မရလျှင် နိုင်ငံရေး မတည်နိုင်၊ နိုင်ငံရေး မတည်ငြိမ်လျှင် စီးပွားရေး ၊ ပညာရေး ၊ ကျန်းမာရေး စသည်များ ကို တိုးတက်ဖွံ့ဖြိုး အောင် လုပ်ဖို့မလွယ်ပါ။ ထို့ကြောင့် ငြိမ်းချမ်းရေး ဟူသော တံတားကို ထိုးနိုင်ပါမှ ကန့်လန့်ဆီး ရေစီးသန် မြစ်ကြီးကို ကူးနိုင်ပါလိမ့်မည် ။

ထိုငြိမ်းချမ်းရေး တံတား ထိုးနိုင်ဖို့မှာ လည်း အစိုးရက (၂၀၀၈) ဖွဲ့စည်းပုံလက်ထဲကိုင်ထား၊ တိုင်းရင်းသားလူမျိုး စု လက်နက်ကိုင် အဖွဲ့အစည်းများ က တို့တပ် တို့ထောင်မည်ဟု လုပ်နေကြသော် ဖြစ်နိုင်မည် မထင်ပါ။ တံတားထိုးမရသည်နှင့် လက်ပစ်ကူးကြရဖို့ ရှိပါသည်။

ကျွန်တော် ကတော့ မြန်မာ့ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး နောက်ကြောင်းပြန်မှာ ထက် ရှေ့မတိုးနိုင်မှာ စိုးရိမ်နေမိပါသည်။

ဒီမိုကရေစီ တကယ်လိုချင်ကြပါသည်ဟု သက်ဆိုင်သူအားလုံးကို မေတ္တာရပ်ခံလိုပါသည်။

မင်္ဂလာသတင်းစာ၊ နိုဝင်ဘာ ၂၁ ရက်၊ ၂၀၁၃(ကြာသပတေးနေ့)

•••

# အခန်း(၂)
## တည့်တည့်တွေးကြည့်ကြပါစို့

ယနေ့ မြန်မာနိုင်ငံ၏ နိုင်ငံအကြီးအကဲ သမ္မတဦးသိန်းစိန်သည် ယခင်အစိုးရလက်ထက်တွင် တပ်မတော် ဗိုလ်ချုပ်ကြီးတစ်ဦးလည်း ဖြစ်၊ ဝန်ကြီးချုပ်လည်း ဖြစ်ခဲ့သူ ဖြစ်သော်လည်း (၂၀၁၀) ပြည့်နှစ် တွင် သမ္မတအ ဖြစ်တက်လာပြီး နောက်ပိုင်းတွင် လုပ်လာခဲ့သော ၄င်း၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ ကို နိုင်ငံတကာကလည်း ကြိုဆိုခဲ့ကြပြီး ပြည်သူတို့ကလည်း ဝမ်းသာအားတက် ရှိကြပါသည်။

သို့ ရာတွင် ပြည်သူတွေ လိုလားသော ဒီမိုကရေစီ အပြည့်အဝ ရရေး မှာ (၂၀၀) ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေက ကြီးမားသော အတားအဆီးကြီး ဖြစ်နေပေသည်။ ထိုဥပဒေကို မပြင်ဘဲနှင့် ကား ဒီမိုကရေစီသည် ပါးစပ်အပေါ်၌ သာ ရရှိနိုင်ပေလိမ့်မည် ။

တစ်ဖန် ထိုဥပဒေကို ပြည်သူတွေ လိုလားသော အတိုင်းအတာအထိပြင်နိုင်ဖို့ ဆိုသည်မှာ လည်းလွှတ်တော် ထဲ ရောက်နေကြသည့် ယူနီဖောင်းချွတ်တပ်မတော် ခေါင်းဆောင်များ ရော လက်ရှိ ယူနီဖောင်းဝတ် တပ်မတော် ခေါင်းဆောင်များ ပါ သဘောတူမှသာ ဖြစ်နိုင်လိမ့်မည် ။ ထိုသို့ သဘောတူနိုင်လောက်သည့် အခြေအနေသို့ ရောက်ဖို့မှာ လည်း တပ်မတော် က အစဉ်အလာ လက်ခံယူဆလာသော အတွေးခေါ်ပါ ပြင်နိုင်မှ ဖြစ်ကောင်း ဖြစ်ပေလိမ့်မည် ။ ထိုသို့ အတွေးခေါ်ပါ ပြင်ယူဖို့ဆိုသည်မှာ လည်း တည့်တည့်တွေးကြမှ ဖြစ်ပါမည် ။

တည့်တည့်တွေးကြစတမ်း ဆိုလျှင် တပ်မတော် က နိုင်ငံရေး တွင် ပါလာရသည်မှာ ၊ ထိုသို့ ပါလာရင်းမှ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်သည် အစိုးရအဖွဲ့၏ လက်အောက်မှာ တောင်မရှိတော့သည့် အနေအထား ရောက်သွားသည်မှာ တပ်မတော် က အရပ်ဘက် နိုင်ငံရေး သမားတွေ ကို အထင်မကြီးတော့ဘဲ နိုင်ငံ့အရေး ကို တို့တပ်မတော် ကပဲ ဦးဆောင်လုပ်တော့မှ ဖြစ်မယ် ဟူသော အတွေးအခေါ်က ပေါက်ဖွားလာခြင်း

ဖြစ်သည်ဟု ကျွန်တော် ယူဆသည်။

နိုင်ငံရေး သမားများ ကို အထင်သေးသော အတွေးအခေါ်ကို နောင်ဦးနေဝင်း ဖြစ်လာသည့် ဗိုလ်ချုပ်ကြီး နေဝင်းက ထူထောင်ခဲ့သည်။

ဗိုလ်ချုပ်ကြီးနေဝင်း ထိုအတွေးအခေါ်ကို စတင်ခံယူလာသည်မှာ ၁၉၅၈ ခုနှစ် ဧပြီလတွင် ဖဆပလ ကွဲပြီး ဦးနု ဦးဆောင်သော သန့်ရှင်းဖဆပလ၏ သုံးလနှင့် ၁၇ ရက် အစိုးရလက်ထက်တွင် ဖြစ်သည်။ ထို့ကြောင့် ထိုနှစ် စက်တင်ဘာလ (၂၆) ရက်တွင် ဝန်ကြီးချုပ် ဦးနုထံမှ အာဏာသိမ်းရန် စီစဉ်ကြသည်ကို ဦးနုက ပါလီမန် ဒီမိုကရေစီ အစဉ်အလာ ပျက်မသွားအောင် သူ့လွှတ်တော် ခေါ်ပြီး ဗိုလ်ချုပ်ကြီးနေဝင်းအား တရားဝင် လွှဲပေးမည် ဟု လိမ္မာစွာ ဆောင်ရွက်လိုက်၍ ထိုနှစ် အောက်တိုဘာလ (၂၉) ရက်မှ စ၍ အိမ်စောင့်အစိုးရ တရားဝင် တက်လာသည်။

ဦးနုနှင့် ဗိုလ်ချုပ်ကြီးနေဝင်း အပြန်အလှန် ရေး ကြသည့် အချက်ရှစ်ချက်ပါသော စာနှစ် စောင်ပါ ကတိကဝတ်များ အရ ခြောက်လတာအတွင်း (၁၉၅၉ ခုနှစ် ဧပြီလ မကုန်မီအတွင်း) ရွေးကောက်ပွဲလုပ်ပေးရမည် ဖြစ်သော်လည်း ထိုကာလမျှနှင့် တရားမျှတသော ရွေးကောက်ပွဲ လုပ်ပေး၍ မရနိုင်၊ ထို့ကြောင့် သူ့အစိုးရ ထွက်မည် ဆိုပြီး (၅၉) ဖေဖော်ဝါရီ(၁၃)တွင် သမ္မတထံ ထွက်စာ တင်သဖြင့် လွှတ်တော် အမြန် ခေါ်ပြီး (၁၉၄၇) ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ (၁၁၆) ကို လွှတ်တော် က ပြင်ပေးကြရသည်။ (ထိုပုဒ်မအရ ပြည်သူလူထု တင်မြှောက်သူ မဟုတ်သော ပုဂ္ဂိုလ်များ သည် အစိုးရအဖွဲ့ထဲ၌ ခြောက်လထက် ပို၍ နေရန် မ ဖြစ်၍ (၁၈) လအထိ ပြင်ပေးလိုက်ရခြင်း ဖြစ်ပါသည်)

ထိုပြင်ဆင်ချက်အရ အိမ်စောင့်အစိုးရသည် သက်တမ်းတိုးနေခွင့် ရသွားပြီး (၁၄) လအကြာ (၁၉၆၀) ပြည့်နှစ် ဖေဖော်ဝါရီတွင် ရွေးကောက်ပွဲ လုပ်ပေးရာ ဦးနု၏ သန့်ရှင်းဖဆပလက (၉၀) ပြည့် ရွေးကောက်ပွဲတွင် NLD နိုင်သလိုနိုင်သည်။ သို့ ရာတွင် ဗိုလ်ချုပ်ကြီးနေဝင်းသည် နဝတအစိုးရလို "ရွေးကောက်ပွဲ လုပ်ပေးတာ ခင်ဗျားတို့ကို ဘယ်သူက အာဏာလွှဲပေးမယ်လို့ ပြောခဲ့လို့လဲ" ဟူ၍ ကျားကျား မီးယပ် မလုပ်ဘဲ ဧပြီလတွင်

အာဏာလွှဲပေးလိုက် သည်။

တည့်တည့်တွေ းလျှင် ဗိုလ်ချုပ်ကြီး နိုင်စေချင်သည်က တည်မြဲ ဖြစ်သည်။ဦးနုကို နိုင်စေချင်သည် မဟုတ်။ (အိမ်စောင့်အစိုးရလက်ထက်တွင် ကိုကိုးကျွန်းထောင် ဆောက်ပြီး ပမညတတွေ ကို ကိုကိုးကျွန်းသို့ ပို့သည်။ သန့်ရှင်းတွေ ကို ဖမ်းသည်။ တည်မြဲများ အဖမ်းမခံရ။ ကျွန်တော့် ကိုယ်တွေ့ အရ ပျဉ်းမနားတပ်ရင်း (၁၇) မှ စစ်ဗိုလ် တစ်ယောက် ကျွန်တော် တို့ရွာသို့ ရောက်လာပြီး ကျွန်တော် ဘကြီးအိမ်သို့ ရွာလူကြီးများ ဆင့်ခေါ်ကာ “သန့်ရှင်းကို မဲပေးရင် ခင်ဗျားတို့ကို သူပုန်လို့ သတ်မှတ်မယ်” ဟု ကျွန်တော့် ရှေ့မှာ ပင် ခြိမ်းခြောက်ခဲ့သည်ကို နားဆတ်ဆတ် ကြားဖူးသည်။)

သို့ ရာတွင် ဗိုလ်ချုပ်ကြီးနေဝင်းသည် စစ်သားပင် ဖြစ်သော် လည်း နိုင်ငံရေး တွေ ကို ဖြတ်သန်းလာသူ ဖြစ်ရာ နဝတ ဗိုလ်ချုပ်ကြီးများ လောက် ခပ်ပြိန်းပြိန်းမလုပ်ပါ။ ဖော်ပြခဲ့သည့်အတိုင်း အာဏာကို ရွေးကောက်ပွဲ နိုင်သူ ဦးနုအား လွှဲပေးပြီးမှ တပ်ကို ပြန် သွားပါသည်။ ထို့နောက် အာဏာသိမ်းဖို့ ပြင်ဆင်နေခဲ့ပြီး အခြေအနေ ရင့်ကျက်သည့် (၁၉၆၂) ခုနှစ် တွင် မှ အာဏာကို သိမ်းယူလိုက်ပါသည်။ အာဏာသိမ်း တော် လှန်ရေး ကောင်စီ ပထမဆုံး လုပ်သည်မှာ ဧပြီလတွင် ဝါဒသဘောထား (၂၁) ချက် ကြေညာ၊ ဂျူလိုင်လတွင် မဆလ ထောင်၊ ထို့နောက် (၁၉၄၇) ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကိုလည်း ဖျက်လိုက်ပါသည်။ အသင်းအဖွဲ့ ဆိုလျှင် ဆွမ်းလောင်းအသင်း ဖွဲ့လျှင်တောင် မှတ်ပုံတင်လျှောက်ရမလို လုပ်လိုက်ပါသည်။

တည့်တည့်တွေ းကြစတမ်း ဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ရေး ဆွဲခဲ့သော အခြေခံဥပဒေကို ထိုသို့ (၁၉၆၂) ခုနှစ် တုန်းကမူ ဗိုလ်ချုပ်ကြီးနေဝင်းမှာ ထိုအယူအဆမျိုး မရှိသေးပါ။

(၁၉၅၇) ခုနှစ် ဒီဇင်ဘာလ(၁) ရက်တွင် မင်္ဂလာဒုံ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် (ထိုစဉ်က တောင်ပိုင်း၊ မြောက်ပိုင်း စစ်တိုင်း နှစ် တိုင်းသာ ရှိသေးသည်) သင်တန်းခန်းမတွင် စိတ်ဓာတ်စစ်ဆင်ရေး အရာရှိသင်တန်း အမှတ်စဉ် (၁) ကို ဗိုလ်ချုပ်ကြီးနေဝင်းကိုယ်တိုင် ဖွင့်ပေးပြီး သင်တန်း ရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ မိန့်ခွန်း ပြောပါသည်။ သူ့မိန့်ခွန်းတွင်

'တပ်မတော် သည် နိုင်ငံရေး ပညာရပ်ကို တတ်သိနားလည်ရန် လေ့လာသင့်ကြောင်း၊ သို့ ရာတွင် နိုင်ငံရေး ပါတီများ ၏ နိုင်ငံရေး ကိစ္စများ တွင် ပါဝင်မှု မရှိသင့်ကြောင်း၊ တပ်မတော် သည် နိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကိုသာ ကာကွယ်စောင့်ရှောက်ရမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။'

တပ်မတော် ၏ တာဝန်သည် နိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကိုကာကွယ်စောင့်ရှောက်ရန် ဖြစ်ကြောင်း လွန်ခဲ့သော ငါးနှစ် ကပြောခဲ့သော ဗိုလ်ချုပ်ကြီးသည် ဗိုလ်ချုပ်အောင်ဆန်း ရေး ဆွဲခဲ့သော အခြေခံကို (၁၉၆၂) ခုနှစ် တွင် ဖျက်လိုက်သည့်မှာ နိုင်ငံရေး ကို တို့တပ်ကပဲ လုပ်တော့မှ အခြေခံဖြင့် တပ်က နိုင်ငံရေး လုပ်လျှင် ပါလီမန် ဒီမိုကရေစီ အုတ်မြစ်ချထားသည့် ထိုဥပဒေ ရှိနေ၍ မ ဖြစ်၊ ယင်းကို ဖျက်ရမည် ၊ ဟိုပါတီ သည်ပါတီ ကွဲမနေဘဲ မဆလ တစ်ပါတီတည်းနှင့် ပင် နိုင်ငံရေး အတွက် ဆိုရှယ်လစ်စနစ်ကို ထူထောင်ထားသွားတော့မည် ဟု ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါသည်။

သိတော် မူကြမူသည့်အတိုင်း ဦးနေဝင်း ဆိုရှယ်လစ်သည် ရုရှလည်း မဟုတ်၊ တရုတ်လည်းမဟုတ်၊ ကိုယ့်ဘာသာလုပ်သည့် 'မြန်မာ့' ဟူသော နာမဝိသေသနနှင့် ဆိုရှယ်လစ် ဖြစ်သည်။ သူ့ထက်အရင် မွေးလာသည့် ရုရှတို့၊ တရုတ်တို့ ဆိုရှယ်လစ်တွေ တောင် မအောင်မြင်ခဲ့ပေရာ (၂၆) နှစ် အကြာတွင် အကြွေးတွေ မဆပ်နိုင်၍ ကုလသမဂ္ဂတွင် တောင်းတောင်းပန်ပန်နှင့် အဆင်းရဲဆုံးနိုင်ငံဘွဲ့သာ ခံလိုက်ရပါသည်။ တည့်တည့်တွေးလျှင် ဦးနေဝင်းတပ်မတော် က (၁၉၄၇) ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကို ဖျက်ပြီး နိုင်ငံရေး လုပ်လိုက်တာတုန်းက အရှေ့တောင်အာရှတွင် ထိပ်ဆုံး၌ ရှိခဲ့သော နိုင်ငံသည် နောက်ဆုံးရောက်သွားကြောင်း တွေ့ရပါမည် ။

ဦးနေဝင်း မအောင်မြင်၍ ရှစ်လေးလုံးနှင့် တိုးပြီးနောက် နဝတ တက်လာသည့်အခါ NLD ကို အာဏာမအပ်ချင်တာနှင့် ပင် ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့် ဗိုလ်ချုပ်မှူး ကြီး သန်းရွှေတို့ (၂၂) နှစ် ကြာ နိုင်ငံရေး လုပ်လိုက်တော့လည်း တိုင်းပြည်မှာ ' ဖွတ်သထက်ညစ်' သွားပြီး ခရိုနီတွေ နှင့် ဗိုလ်ချုပ်ကြီးတွေ ချမ်းသာ လာကြတာကိုပဲ အထင်အရှား လက်ဆုပ်လက်ကိုင် ပြနိုင်တာ ရှိပါတော့သည်။

တည့်တည့်တွေ းကြစတမ်း ဆိုလျှင် တပ်မတော် ခေါင်းဆောင် အဆက်ဆက်တို့ တိုင်းပြည်ကို တို့စောင့်ရှောက်မှ ဖြစ်မည် ဟူသော စေတနာကောင်းနှင့် လုပ်လိုက်ြ ကတော့မှပင် ပြည်သူတို့မှာ လူမျိုး ဂုဏ်သိက္ခာ ကျသည့်အဆင့်သို့ ရောက်သွားတော့သည်။ (ထိုင်းရောက် မြန်မာအလုပ်သမားများ ၊ တရုတ်ပြည်ရောက် အရောင်းစားခံ မြန်မာအမျိုး သမီးများ သာဓကကို ကြည့်ပါ။)

တပ်မတော် ခေါင်းဆောင် အဆက်ဆက်တို့သည် သူ့ဘာသာသူ ရှင်းနေပြီးသားများ ကို နာမဝိသေသနပုဒ် ရှေ့က ကပ်၍ ဝေ့လည်ချောင်ပတ် လုပ်တတ်ကြသည်။ မြန်မာ့ဆိုရှယ်လစ်၊ အမျိုး သားနိုင်ငံရေး ၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ စသည့်ဖြင့် ဖြစ်သည်။ ပညာရှိတို့ အစဉ်အဆက် သုံးလာသော ဝေါဟာရကိုပင် ရှေ့နောက် ပြောင်းချင် ပြောင်းတတ်သည်။ (ဥပမာ- လူကောင်းလူတော် ) တကယ်တော့ တွေ းပုံက မရှင်းကြ၍ သာ ထိုသို့ ရောထွေးပစ်ချင်သော အသုံးအနှုန်းများ ပေါ်လာခြင်း ဖြစ်သည်။

ဒီမိုကရေစီ တကယ်လိုချင်လျှင် အတွေ းရှင်းဖို့ တည့်တည့်တွေ းတတ်ကြဖို့ လိုပါမည် ။ ဒီမိုကရေစီဆိုတာ သူ့စံနှင့် သူ ရှိနေပြီးသား နိုင်ငံရေး စနစ်တစ်ခု ဖြစ်သည်။ ယင်းကို နာမဝိသေသနတပ်ဖို့ ကြိုး စားချင်ခြင်းသည် ဒီမိုကရေစီစစ်စစ်ကို တကယ်မလိုချင်သေးလို့သာ ဖြစ်နေနိုင်ပါသည်။

တည့်တည့်တွေ းကြစတမ်းဆိုလျှင် တပ်မတော် သည် ဘီအိုင်အေ၊ ဘီဒီအေ၊ ပီဘီအက်ဖ်၊ ဗမာ့တပ်မတော် စသည့် ခေတ်အဆက်ဆက်တွင် အင်္ဂလိပ်ကို မောင်းထုတ်၊ ဂျပန်ကိုတော် လှန်၊ တရုတ်ဖြူကို တိုက်ထုတ်၊ လက်နက်ကိုင် ပြည်တွင် းမငြိမ်သက်မှု တွေ ကို နှိမ်နင်းစသော နိုင်ငံအတွက် သေရေး ၊ ရှင်ရေး အရေး ကြီးလှသော တာဝန်များ ကို မမိုတ်မသုန် ထမ်းရွက်ခဲ့ကြောင်းလည်း တွေ့ ရပါမည် ။

ထိုသို့ တည့်တည့်တွေ းရဲကြလျှင် တပ်မတော် ခေါင်းဆောင်များ သည် အနှစ် (၅၀) နိုင်ငံရေး လုပ်လာတာ မအောင်မြင်ခဲ့ကြောင်းကိုလည်းကောင်း၊ တပ်မတော် သည် မိမိ၏ မူလတာဝန်ကို ထမ်းဆောင်ရာ၌ တပ်ရင်း (၁၃)ရင်းလောက်နှင့် တောင် ရန်ကုန်အစိုးရဘဝက လွတ်မြောက်အောင်သာမက ရောင် စုံသူပုန်တို့၏ လက်တွင် းမှ မြို့

တွေ ကို ပြန်သိမ်းနိုင်ခဲ့ခြင်း၊ အင်အားကြီး နိုင်ငံခြားကျူး ကျော်တပ်များ ကို တိုက်ထုတ်နိုင်ခဲ့ခြင်းစသည်တို့ကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သည်ကိုလည်းကောင်း အမှန်အတိုင်း တွေ့ကြရပါသည်။

ယနေ့အခါတွင် တပ်မတော် ခေါင်းဆောင်များ သာ တည့်တည့်တွေ့ဖို့လိုအပ်သည်မဟုတ်၊ တပ်မတော် အပေါ် အမြင်မကြည်သူများ လည်း တပ်မတော် ခေါင်းဆောင်များ ၏ အားနည်းချက်ကိုသာမက တပ်မတော် ၏ အရည်အချင်းအမှန်ကိုလည်း မြင်အောင် တည့်တည့်တွေ့တတ်ဖို့ လိုပါမည် ။ တပ်မတော် ကို ရန်ဘက်လို မြင်နေလျှင် လိုရာအကျိုးမပြီးခဲ့ပုံတွေ ကို တည့်တည့်တွေ့တတ်ကြရပါမည် ။ တွေ့တာမတည့်လျှင် လုပ်တာလွဲ၍ လုပ်တာလွဲလျှင် လိုရာပန်းတိုင်မရောက်နိုင်သဖြင့် တည့်တည့်တွေ့ကြပါစို့ဟု နှိုးဆော်လိုက်ရပါသည်။

မဇ္ဈိမသတင်းစာ၊ နိုဝင်ဘာ ၂၉ရက်၊ ၂၀၁၃ (သော ကြာနေ့)

•••